# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၃။ တို့ကျောင်း

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - ကျောင်းနှင့်သက်ဆိုင်သောမေးခွန်းများမေး၍ဖြေစေခြင်း<br>- "ရွှေမောင်းသံ" (ကဗျာ)ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "ရွှေမောင်းသံ" (ကဗျာ)ရွတ်ဆိုခြင်း<br>- လက်မထောင်ကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ရွှေမောင်းသံ" ကဗျာကိုအသံနေအသံထားမှန်စွာရွတ်ဆိုခြင်း<br>- အမည်များကိုလက်ခုပ်တီး၍အသံခွဲခြားခြင်း<br>- မိမိနှစ်သက်ရာအစားအစာပုံကိုရောင်စုံစက္ကူဖြင့်ပုံဖော်ခြင်း<br>(ပြောဆိုဆက်သွယ်) | - အမည်များကိုလက်ခုပ်တီး၍အသံခွဲခြားခြင်း<br>- "က"ဗျည်းကဗျာရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဘယ်သွားမလို့လဲဂျာဘောက်" ပုံပြင်ရှိရုပ်ပုံကိုကြည့်၍ထင်မြင်ချက်ပြောစေခြင်း<br>"ဘယ်သွားမလို့လဲဂျာဘောက်" ပုံပြင်ပြောခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "A,B,C,D' 'သီချင်းကိုအုပ်စုလိုက်"A,B,C" စာလုံးအစဉ်လိုက်ကတ်ပြားများပြ၍ သီဆိုခြင်း<br>- "C"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "A,B,C,D" သီချင်းကိုကိုယ်ခန္ဓာလှုပ်ရှားမှုအမျိုးမျိုးဖြင့်သီဆိုခြင်း<br>- "C"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "A,B,C,D" သီချင်းကိုတစ်လုံးချင်းထောက်၍သီဆိုခြင်း<br>- "D"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာကိုရွတ်ဆိုခြင်း<br>- "D"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "GoodMorning, Hello, A,B,C,D" သီချင်းကဗျာများကိုစိတ်ကြိုက်ရွတ်ဆိုခြင်း<br>- A,B,C,D အက္ခရာများကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-<br>၁၁း၄၅ | - "တို့ကျောင်း" ကဗျာရွတ်ဆိုခြင်း<br>- ကျောင်းအမည်၊ ကျောင်းအုပ်ကြီး၊ အတန်းဆရာအမည်နှင့် ကျောင်းတည်နေရာကို ပြောခြင်း (စာရိတ္တ၊ မိတ္တ) | - ကျောင်းဝင်းအတွင်း ကြည့်ရှုလေ့လာခြင်း<br>- ကျောင်းဝင်းအတွင်း ကြည့်ရှုလေ့လာခဲ့သည်များကို ဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) | - ကျောင်းအလံတိုင်ရှိ နိုင်ငံတော်အလံကို လေ့လာ၍ လက်တွေ့အလေးပြုခြင်း (စာရိတ္တ၊ မိတ္တ) | - "ဖိနပ်ကလေး" ကဗျာရွတ်ဆိုခြင်း<br>- စာသင်ခန်းတွင် ပြုလုပ်ရမည့် အချက်များကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - အတွင်းအပြင် ခွဲခြားကစားခြင်း (သင်္ချာ) |
| ၁၁း၄၅-<br>၁၂း၁၅ | - စာသင်ခန်းရှိ ပစ္စည်းများကို အပေါ်/အောက် ခွဲခြားခြင်း မျက်နှာပေါ်ရှိ အစိတ်အပိုင်းများကိုအသုံးပြု၍ အပေါ်အောက် ခွဲခြား ခြင်း (သင်္ချာ) | - ကျောင်းဝင်းအတွင်းတွေ့မြင်ခဲ့သည့်အရာများကိုရေးဆွဲခြင်း (စာရိတ္တ၊ မိတ္တ) | - အတွင်းအပြင်ခွဲခြားခြင်း (သင်္ချာ) | - စာသင်ခန်းတွင် ပြုလုပ်ရမည့် အချက်များကို ဆွေးနွေးခြင်း<br>- လုပ်ရမည်၊ မလုပ်ရပါ ရွေးပေးရသော ကစားနည်းကို ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - စာသင်ခန်းနှင့် စာသင်ခန်းပတ်ဝန်းကျင် သန့်ရှင်းရေး လက်တွေ့ပါဝင် လုပ်ဆောင်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၂း၃၀-<br>၁၃း၀၀ | - မိမိကျောင်းပုံကို စိတ်ကြိုက်ရေးဆွဲခြင်း (အနုပညာရသ) | - "တို့ကျောင်း ကဗျာ" ရွတ်ဆိုခြင်း (အနုပညာရသ) | - ရေးဆွဲပြီး ကျောင်းပုံအား အရောင်ခြယ်ခြင်း (အနုပညာရသ) | "ဖိနပ်ကလေး" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာ ပစ္စည်းပုံ ရေးဆွဲခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၃။ တို့ကျောင်း

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-<br>၁၀း၁၅ | - မနက်၊နေ့လယ်၊ ညတို့တွင်လုပ်ခဲ့သောလုပ်ငန်းများကို မေးမြန်း၍ ဖြေစေခြင်း (ဥပမာ- မင်း မနက်ကဘာစားခဲ့သလဲ)<br>- “ဘယ်သွားမလို့လဲဂျာဘောက်” ပုံပြင်ကို ဆရာက ပြောပြခြင်း<br>(ပြောဆိုဆက်သွယ်) | - “ဘယ်သွားမလို့လဲဂျာဘောက်” (ပုံပြင်)ကိုကလေးများပြောခြင်း<br>- မနက်၊နေ့လယ်၊ ညတို့တွင်လုပ်ခဲ့သောလုပ်ငန်းများကိုမေးမြန်း၍ဖြေခြင်း ဥပမာ-မင်း ညက TV ကြည့်သေးလား<br>(ပြောဆိုဆက်သွယ်) | - “ဘယ်သွားမလို့လဲဂျာဘောက်” (ပုံပြင်)ကိုကလေးများပြောခြင်း<br>- မနေ့က၊ဒီနေ့၊ မနက်ဖြန် စကားလုံးတို့ကို သုံးကာမေးမြန်း၍ဖြေခြင်း<br>(ပြောဆိုဆက်သွယ်) | - မနေ့က၊ဒီနေ့၊ မနက်ဖြန် စကားလုံးတို့ကို သုံးကာမေးမြန်း၍ ဖြေခြင်း<br>- “ဘယ်သွားမလို့လဲဂျာဘောက်” (ပုံပြင်)ပါ စကားလုံးများကိုအသုံးပြု၍ အစားထိုးပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - ဘယ်သွားမလို့လဲဂျာဘောက် (ပုံပြင်)ပါ စကားလုံးများကို အသုံးပြု၍ အစားထိုးပြောခြင်း<br>- “ရွှေမောင်းသံ” (ကဗျာ)ကို အသံနေအသံထားမှန်မှန် ဟန်အမူအရာဖြင့်ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-<br>၁၁း၁၅ | - "Good Bye"ကဗျာကို ရွတ်ဆိုခြင်း<br>- "E"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Bye"ကဗျာ ရွတ်ဆိုခြင်း<br>- "E"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Bye"ကဗျာပါ စကားလုံးများကိုသုံး၍ နှုတ်ဆက်ပြောဆိုခြင်း<br>- "F"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Bye"ကဗျာပါ စကားလုံးများကို ဆရာဦးဆောင်မှုဖြင့်အသုံးပြု ပြောဆိုခြင်း<br>- "F"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Bye" ကဗျာပါ စကားလုံးများကိုသုံး၍ အချင်းချင်း နှုတ်ဆက်ပြောဆိုခြင်း<br>- "AမှF"အထိ အက္ခရာကတ်ပြားများဖြင့် ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - "ဖိနပ်ကလေး" ကဗျာ ရွတ်ဆိုခြင်း<br>- ကျောင်းနှင့် စာသင်ခန်းအတွင်း အန္တရာယ်မဖြစ်အောင်ပြုမူရမည့်အချက်များနှင့်ပတ်သက်၍လက်မထောင်ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ကျောင်းတွင်း လှည့်လည်ကြည့်ရှုခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - စုပေါင်းလုပ်ဆောင်ခြင်း (စာရိတ္တ၊ မိတ္တ) | - ရှေ့နောက်ခွဲခြားခြင်း<br>- "တစ်လှမ်းတိုးပါ" ကဗျာရွတ်ဆိုခြင်း (သင်္ချာ) | - ဘောလုံးလက်ဆင့်ကမ်းပေးကစားခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁:၄၅-၁၂:၁၅ | - ရှေ့နောက်ခွဲခြားစေခြင်း (သင်္ချာ) | - အန္တရာယ်ကြုံတွေ့ပါကပြန်လည်တုံ့ပြန်ရမည့်အချက်များကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - "လက်ဆင့်ကမ်းကစားနည်း" ဖြင့်ကစားခြင်း (စာရိတ္တ၊ မိတ္တ) | - "ယုန်ကလေးဖြူဖြူ" ပုံပြင်ပြောခြင်း (စာရိတ္တ၊ မိတ္တ) | - လက်ဝဲ၊ လက်ယာခွဲခြားစေခြင်း (သင်္ချာ) |
| ၁၃:၃၀-၁၄:၀၀ | - ရေးဆွဲပြီးသောပုံများကို အရောင်ခြယ်ခြင်း (အနုပညာရသ) | - ကျောင်းဝင်းပုံ ဖော်ကပ်ခြင်း (အနုပညာရသ) | - "သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင်" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - "သူငယ်ချင်း" ကဗျာကို ရွတ်ဆိုခြင်း (အနုပညာရသ) | - ဘယ်လက်၊ ညာလက်ပုံ ရေးဆွဲခြင်း (အနုပညာရသ) |

DBE BOX

# တို့ကျောင်း

## ပထမပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။မေးခွန်းများကိုနားထောင်ပြီးဆီလျော်စွာပြောဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။ကျောင်းနှင့်သက်ဆိုင်သောမေးခွန်းများမေး၍ဖြေစေခြင်း (မိနစ် ၁၀)**

- ဆရာက ကလေးတစ်ဦးချင်းစီကို ကျောင်းကိုဘာနဲ့လာသလဲ။ ဘယ်သူလိုက် ပို့သလဲ၊ ကျောင်းကိုလာတဲ့လမ်းမှာ ဘာတွေတွေ့ရသလဲ စသည်ဖြင့် မေးပါ။
- ကလေးများအားလုံးဖြေဆိုပြီးပါက ကလေး (၂)ဦးမျက်နှာချင်းဆိုင်ရပ်စေပြီး ကျောင်းနှင့်သက်ဆိုင်သော မေးခွန်းများကို အချင်းချင်းအပြန်အလှန်အမေးအမြန်းပြုလုပ်ပါစေ။
- ကလေးများအား လူပြောင်း၍မေး၊ဖြေပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ရွှေမောင်းသံ"ကဗျာရွတ်ခြင်း (မိနစ် ၁၀)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ သီချင်းကဗျာကို မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C,D,....**သီချင်းကို စာလုံးစဉ်အလိုက် ကတ်ပြားပြ၍သီဆိုခြင်း (၁၅ မိနစ်)**

- A,B,C,D,....သီချင်းကို တို့မိသားစု ဒုတိယအပတ် (တနင်္လာနေ့)အတိုင်း သီဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ Cအက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ C**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်း၊ ကျောင်းအုပ်ကြီး၊ အတန်းဆရာအမည်နှင့် ကျောင်းတည်နေရာတို့ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"တို့ကျောင်း"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဆရာမှ ဦးဆောင်၍ကလေးများနှင့်အတူ "တို့ကျောင်း" ကဗျာကို ရွတ်ဆိုပါ။

**"တို့ကျောင်း"**

ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ၊
နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။

**ကျောင်းအမည်၊ ကျောင်းအုပ်ကြီး၊ အတန်းဆရာအမည်နှင့် ကျောင်းတည်နေရာကို ပြောစေခြင်း (၁၅ မိနစ်)**

- ကလေးများအား ကျောင်းအမည်၊ ကျောင်းတည်နေရာ၊ အတန်းဆရာအမည်၊ ကျောင်းအုပ်အမည်တို့ကို စဉ်းစားပြီးပြောပါစေ။
- (ကျောင်းအမည်ကိုအမက(၁)၊ အလက(၁)စသည်ဖြင့် အတိုကောက်သာပြောစေပြီး တည်နေရာကို ရပ်ကွက်၊ မြို့နယ်လောက်သာ ပြောပါစေ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။အပေါ်၊ အောက်ကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **စာသင်ခန်းအတွင်းရှိပစ္စည်းများကိုအပေါ်၊အောက်ခွဲခြားခြင်း(၁၅ မိနစ်)**

- ဆရာကမိမိစားပွဲအပေါ်နှင့်အောက်တွင် ပစ္စည်းအချို့နှင့်စာရေးကိရိယာအချို့ကိုထားပါ။
- ကလေးများအား ပစ္စည်းတစ်ခုစီကို ညွှန်ပြ၍ ထိုပစ္စည်း၏နေရာ(အပေါ်၊အောက်)ကို ခွဲခြားပြောပါစေ။
- စားပွဲအပေါ်၊ အောက်တွင်ရှိသော ပစ္စည်းများ၏အမည်ကို ကလေးများအား အလှည့်ကျပြောပါစေ။
- **မျက်နှာပေါ်ရှိအစိတ်အပိုင်းများကိုအသုံးပြု၍အပေါ်၊အောက်ခွဲခြားစေခြင်း(၁၅မိနစ်)**
- ဆရာကမျက်နှာပေါ်ရှိ အစိတ်အပိုင်းများကို အသုံးပြု၍ ကလေးများအား အပေါ်၊ အောက်ခွဲခြားပါစေ။ (ဥပမာ- မေးစေ့၏အပေါ်တွင်ဘာရှိသလဲ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိကျောင်းပုံရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။**မိမိကျောင်းပုံစိတ်ကြိုက်ရေးဆွဲခြင်း (မိနစ်၃၀)**

- မိမိကျောင်းပုံကို စိတ်ကြိုက်ရေးဆွဲပါစေ။
- ကလေးများရေးဆွဲထားသော ပုံများကို ဆရာက သိမ်းထားပေးပါ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ရွှေမောင်းသံ"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နားထောင်မှုစွမ်းရည်တိုးတက်စေရန်။

လုပ်ငန်းစဉ် ။ ။ **"လက်မထောင်"ကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- ဆရာက ကျောင်းတွင် ရောင်းသောမုန့်တစ်မျိုး၏အမည်ကို ပြောပါ။
- ကလေးများကကြိုက်လျှင် လက်မထောင်ပြ၍မကြိုက်လျှင် လက်မအောက် စိုက်ပြရပါမည်။
- ဆရာက မုန့်အမည်များကို တစ်ခုပြီးတစ်ခုပြောင်းပြီး ဆက်၍ကစားပါ။
- ကလေးအချင်းချင်းလည်းမုန့်အမည်များကိုအလှည့်ကျပြောစေပြီး ဆက်၍ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **A,B,C,Dသီချင်းကို ကိုယ်ခန္ဓာ လှုပ်ရှားမှုအမျိုးမျိုးဖြင့် သီဆိုခြင်း( ၁၅ မိနစ်)**

- A,B,C,D သီချင်း၊ ကဗျာကို (၂)ခေါက်၊ သို့မဟုတ် (၃)ခေါက် အသံထွက်မှန်စွာ ကြိုက်နှစ်သက်ရာ ကိုယ်ခန္ဓာ လှုပ်ရှားမှု တစ်မျိုးမျိုးဖြင့် ဆရာက ဦးစွာရွတ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ အထက်ပါအတိုင်း ရွတ်ဆိုပါ။
- ကလေးများ ကိုယ်တိုင် တစ်တန်းလုံး၊ အုပ်စုလိုက် ထိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ C အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ C **အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းဝင်းအတွင်းတွေ့မြင်ရသောအရာများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကျောင်းဝင်းအတွင်းကြည့်ရှုလေ့လာခြင်း (မိနစ်၃၀)**

- ကျောင်းဝင်းအတွင်း ကြည့်ရှုလေ့လာရန်မသွားခင် ဆရာက ကလေးများအား ကျောင်းဝင်းတွင် တွေ့မြင်ရတဲ့အရာများကို မှတ်သားရန်မှာကြားပါ။
- ဆရာနှင့်အတူကျောင်းဝင်း အတွင်းလှည့်လည်၍ လွတ်လပ်စွာ ကြည့်ရှုလေ့လာပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **ကျောင်းဝင်းအတွင်းကြည့်ရှုလေ့လာခဲ့သည်များကိုဆွေးနွေးခြင်း (၁၅ မိနစ်)**

- စာသင်ခန်းတွင်းပြန်ရောက်ပါက ကလေးများတွေ့မြင် မှတ်သားခဲ့သည်များကို ပြန်ပြောပါစေ။

(ဥပမာ-အလံတိုင်၊ကျောင်းအုပ်ကြီးရုံးခန်း၊ မုန့်ဈေးတန်း၊ အိမ်သာ၊ သစ်ပင်. . . )

**ကျောင်းဝင်းအတွင်းတွေ့မြင်ခဲ့သည့်အရာများရေးဆွဲခြင်း (၁၅ မိနစ်)**

- ကလေးများအား ကျောင်းဝင်းအတွင်း မြင်တွေ့မှတ်သားထားခဲ့သည့်အရာများကို ရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"တို့ကျောင်း"ကဗျာရွတ်ဆိုခြင်း (မိနစ်၃၀)**

- **"တို့ကျောင်း"** ကဗျာကို ဆရာကဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ဆရာနှင့် ကလေးများ အတူရွတ်ဆိုပါ။
- ကလေးအားလုံးရွတ်ဆိုပါစေ။

"တို့ကျောင်း"
ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ရွှေမောင်းသံ"ကဗျာကို အသံနေအသံထားမှန်စွာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အသံအစိတ်အပိုင်းများကိုခွဲထုတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အမည်များကို လက်ခုပ်တီး၍အသံခွဲခြားခြင်း (၁၅ မိနစ်)**

- ဆရာက စာသင်ခန်းအတွင်းရှိပစ္စည်းအမည်များကို လက်ခုပ်တီး၍ အသံ ခွဲခြားမည်ဟု ပြောပါ။
- ဆရာက "စာအုပ်" ဟုပြောလျှင် ကလေးများက အသံတစ်သံကို လက်ခုပ် တစ်ချက် တီးပါစေ။
- (ဥပမာ- "စာ"ဆိုလျှင်လက်ခုပ်တစ်ချက်၊ "အုပ်"ဆိုလျှင်လက်ခုပ် တစ်ချက် တီးရန်။)
- ဆက်လက်၍ ဆရာက စာသင်ခန်းအတွင်းရှိ အခြားပစ္စည်းများ၏ အမည်များကို အစားထိုး၍ပြောပါ။

DBE Box

- ကလေးတစ်ဦးစီက နှစ်သက်ရာပစ္စည်းအမည်များကို အလှည့်ကျပြောစေပြီး ကျန်ကလေးများအား လက်ခုပ်တီး၍ အသံခွဲခြားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိစိတ်ကူးကိုပုံဖော်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **မိမိနှစ်သက်ရာအစားအစာပုံကို ရောင်စုံစက္ကူဖြင့်ပုံဖော်ခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများနှစ်သက်သည့်အစားအစာများကို မေးမြန်းပါ။
- အစားအစာတူရာကို အုပ်စုဖွဲ့ပေးပါ။
- A4 စက္ကူ၊ ရောင်စုံစက္ကူ၊ ကော်၊ ကတ်ကြေးစသည်တို့ကို အုပ်စုလိုက် ဝေပေးပါ။
- ထိုအစားအစာများ မည်သို့ပုံဖော်မည်ကို ဆရာက နမူနာပြုလုပ် ပုံဖော်ပြပါ။

ဥပမာ-ရေခဲမုန့် (စက္ကူကိုခေါက်လိပ်ပြီး စက္ကူညှပ်စများထည့်၍ ပုံဖော်နိုင်သည်။)

ပန်းသီး (ပုံဆွဲပြီးဖြတ်၊ ညှပ်ပုံဖော်နိုင်သည်။)

ချိုချဉ် (စက္ကူကိုခေါက်လိပ်ပြီး အစွန်းနှစ်ဖက်လိပ်၍ ပုံဖော်နိုင်သည်။)

- ဆက်လက်၍ မိမိနှစ်သက်ရာအစားအစာကို ကလေးများ အုပ်စုလိုက်ပုံဖော်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C,D**သီချင်းကဗျာကို တစ်လုံးချင်းထောက်၍ သီဆိုခြင်း** (၁၅ မိနစ်)

- A,B,C,D သီချင်းကဗျာရေးထားသော ကားချပ်ကို အတန်းရှေ့တွင် ချိတ်ဆွဲထားပါ။
- ဆရာကA,B,C,D သီချင်းကို သင်ပုန်းပေါ်ရှိ ကားချပ်မှ အင်္ဂလိပ် အက္ခရာ စာလုံးများကို တစ်လုံးချင်းစီ ထောက်ပြ၍ (၂)ကြိမ်၊ သို့မဟုတ် (၃)ကြိမ်ရွတ်ဆိုပါ။ (ရွတ်ဆိုသော စာလုံးနှင့် ထောက်ပြသောစာလုံး တစ်ထပ်တည်း ကျရပါမည်။)
- ဆရာနှင့်ကလေးများ အတူတကွ ရွတ်ဆိုပါ။
- သီဆိုလိုသော ကလေးတစ်ဦးအား အတန်းရှေ့သို့ထွက်စေ၍ အင်္ဂလိပ်အက္ခရာစာလုံးများကို တစ်လုံးချင်းထောက်စေကာ တစ်တန်းလုံးနှင့်အတူ ရွတ်ဆိုပါစေ။
- ဆရာက အက္ခရာစာလုံးများကို ကူညီ၍ ထောက်ပြပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"D" အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"D"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နိုင်ငံတော်အလံအကြောင်းပြောပြတတ်ရန်။ (အရောင်များ)

လုပ်ငန်းစဉ် ။ ။ **ကျောင်းအလံတိုင်ရှိ နိုင်ငံတော်အလံကို လေ့လာ၍ လက်တွေ့အလေးပြုခြင်း (မိနစ်၃၀)**

- ပထမဦးစွာ ဆရာကကလေးများနေထိုင်သော နိုင်ငံသည် မြန်မာနိုင်ငံဖြစ်ကြောင်း ပြောပြပါ။ မြန်မာနိုင်ငံမြေပုံရှိပါက ကလေးများမြင်ဖူးအောင် ပြပေးပါ။
- နိုင်ငံတော်အလံသည် မြန်မာနိုင်ငံ၏ ကိုယ်စားပြု အမှတ်အသားဖြစ်ကြောင်း ပြောပြပါ။
- ဆရာနှင့်အတူ ကလေးများအား အလံတိုင်ရှေ့တွင် နိုင်ငံတော်အလံအလေးပြုပုံကို လက်တွေ့လုပ်ဆောင်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အတွင်းအပြင်ကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အတွင်းအပြင်ကို ခွဲခြားခြင်း (မိနစ်၃၀)**

- ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သော အုပ်စုငယ်များဖွဲ့ပါ။
- ကလေးတိုင်းအားမိမိနှစ်သက်ရာ ပစ္စည်းတစ်ခုစီကိုယူလာပါစေ။
- စာသင်ခန်းအတွင်း စက်ဝိုင်းကြီးတစ်ခုဆွဲ၍ အုပ်စုတစ်စုချင်းအလိုက် ယူဆောင်လာသော ပစ္စည်းများကို စက်ဝိုင်းအတွင်း၊ သို့မဟုတ် စက်ဝိုင်းအပြင်တွင် နှစ်သက်သလို ထားပါစေ။ ထို့နောက်ဆရာက ၎င်းအုပ်စုအား အောက်ပါမေးခွန်းများ မေးပါ။
- စက်ဝိုင်း၏အတွင်းတွင်ရှိသော ပစ္စည်းများကို ပြောပြပါ။
- စက်ဝိုင်း၏အပြင်တွင်ရှိသော ပစ္စည်းများကို ပြောပြပါ။
- အုပ်စုတစ်စုက အဖြေပြောနေစဉ်တွင် ကျန်အုပ်စုများမှ ကလေးများကိုလည်း ဝိုင်းဝန်းကြည့်ရှုပါစေ။ ၎င်းနောက် အုပ်စုလိုက် အလှည့်ကျ ဆက်လက်လုပ်ဆောင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းပုံအား အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရေးဆွဲပြီး ကျောင်းပုံအားအရောင်ခြယ်ခြင်း (မိနစ်၃၀)**

- တနင်္လာနေ့တွင် ကလေးများရေးဆွဲထားခဲ့သော ကျောင်းပုံများကို စိတ်ကြိုက် ဆေးခြယ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။အသံအစိတ်အပိုင်းများကိုခွဲထုတ်တတ်ရန်။

လုပ်ငန်းစဉ်။ **။အမည်များကိုလက်ခုပ်တီး၍ အသံခွဲခြားခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသောနည်းအတိုင်းပစ္စည်းအမည်များကိုပြောင်း၍ ပြောပြီးပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"က"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။Hello**ကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"D"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "D"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းတွင်းနှင့် စာသင်ခန်းတွင်းပြုမူလုပ်ဆောင်ရမည့် အချက်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဖိနပ်ကလေး"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ဆရာနှင့် အတူကလေးများဖိနပ်ကလေးကဗျာကို ရွတ်ဆိုပါစေ။

**"ဖိနပ်ကလေး"**

ဖိနပ်ကလေးကို (ညီညီကွယ်)[၂]

ဖိနပ်လေးကို ညီညီကွယ်စီကာထားရမယ်။

စာအုပ်ကလေးကို (ညီညီကွယ်)[၆]

စာအုပ်လေးကိုညီညီကွယ်စီကာထားရမယ်။

အမှိုက်ကလေးကို (အတူတူကွယ်)[၆]

အမှိုက်ကလေးကို အတူတူကွယ်ပြိုင်တူကောက်ကြမယ်။

ကစားရတာပျော်ပါသလား(ပျော်ပါတယ်)[၂]

- ကစားပြီးရင် ဘာလုပ်မလဲ . . . ပြန်ကာသိမ်းရမယ်။

**စာသင်ခန်းအတွင်းပြုလုပ်ရမည့်အချက်များကိုဆွေးနွေးခြင်း (၁၅ မိနစ်)**

- ဆရာက ကလေးများအားမေးခွန်းများမေး၍ ဆွေးနွေးပါ။
- ဖိနပ်များကို ဘယ်လိုထားရမလဲ။
- အမှိုက်တွေ့လျှင်ဘာလုပ်မလဲ။
- အမှိုက်ကောက်ပြီးဘယ်ထဲထည့်ရမလဲ။
- ကစားပြီးလျှင် ကစားစရာများကို ဘယ်လိုထားရမလဲ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းတွင်းနှင့် စာသင်ခန်းတွင်း ပြုမူလုပ်ဆောင်ရမည့် အချက်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**စာသင်ခန်းတွင်ပြုလုပ်ရမည့်အချက်များကိုဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါ။
- ကျောင်းချိန်အတွင်းစာသင်ခန်းအပြင်ထွက်လျှင်ဘာလုပ်ရမလဲ(ဆရာကိုခွင့်တိုင်ရမယ်။)
- ကစားပြီးလျှင်ကစားစရာပစ္စည်းများကိုဘာလုပ်ရမလဲ၊ (ပြန်သိမ်းရမယ်။)
- အမှိုက်များ ကောက်ပြီးလျှင်ဘယ်ထဲထည့်မလဲ။(အမှိုက်ပုံးထဲထည့်ရမယ်။)

**လုပ်ရမည်၊ မလုပ်ရပါရွေးပေးရသောကစားနည်းဖြင့်ကစားခြင်း (မိနစ် ၂၀)**

- ဆရာကယခုရွတ်ဆိုပြသောအကြောင်းအရာများသည် ကလေးများပြုလုပ်ရမည့်အချက်ဖြစ်ပါက "လုပ်ရမည်" ဟုပြောပြီး လက်မြှောက်ရန်နှင့် မပြုလုပ်ရမည့်အချက် ဖြစ်ပါက "မလုပ်ရပါ" ဟု ပြောရန်ရှင်းပြပါ။
- ကလေးများ "လုပ်ရမည်/မလုပ်ရပါ"ရွေးပေးရသော ကစားနည်းကို ကစားပါစေ။
- ထို့နောက်အောက်ပါအကြောင်းအရာများကို တစ်ကြောင်းချင်း ဖတ်ပြပါ။
- အမှိုက်များကို အမှိုက်ပုံးထဲထည့်တယ်။
- သူငယ်ချင်း အချင်းချင်း ရန်မဖြစ်ပါ။
- ဆရာမအား ခွင့်မတောင်းဘဲ အတန်းပြင်သွားတယ်။
- ကစားရင်းပစ္စည်းလုတယ်။
- မုန့်ဝေလို့ တန်းစီလျှင်ကိုယ့်အလှည့်ရောက်မှ ယူတယ်။
- အိမ်သာထဲတွင် သူငယ်ချင်းတစ်ယောက်ရှိနေလျှင် အပြင်မှာတံခါးချက်ထိုးရတယ်။
- အထက်ပါ ကစားနည်းဖြင့်ကစားပြီးပါက အတန်းထဲမှာလုပ်သင့်တဲ့ အပြုအမူတွေကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆရာကပြောပြပါ။

(မှတ်ချက်။ ။ အခြားလုပ်ဆောင်ရမည့်အချက်များ(စည်းကမ်း)များကိုလည်း အစားထိုး ပြောနိုင်သည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဖိနပ်ကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "ဖိနပ်ကလေး"ကဗျာကိုဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ကလေးများနှင့် ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးရွတ်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါ ရုပ်ပုံကိုကြည့်၍ထင်မြင်ချက်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဘယ်သွားမလို့လဲဂျာဘောက်"(ပုံပြင်)ရှိရုပ်ပုံကိုကြည့်၍ ထင်မြင်ချက်ပြောစေခြင်း (မိနစ် ၃၀)**

- ဆရာက"ဘယ်သွားမလို့လဲဂျာဘောက်"(ပုံပြင်)စာအုပ်မျက်နှာဖုံးကို ကလေးများအား ပြ၍ "ဂျာဘောက်ကလေးဘယ်သွားမယ်လို့ထင်သလဲ" ဟု မေးပါ။
- ဆက်လက်၍ စာမျက်နှာ တစ်ခုချင်းစီရှိ ရုပ်ပုံများကိုလည်း ကြည့်စေ၍ အထက်ပါနည်း အတိုင်း မေးခွန်းများမေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ဘယ်သွားမလို့လဲ ဂျာဘောက်(ပုံပြင်)ပြောခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ပုံပြောနည်းအတိုင်း ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Good Morning, Hello, ABCD"**သီချင်းကဗျာများကို စိတ်ကြိုက်ရွတ်ဆိုခြင်း(၁၅မိနစ်)**

- "Good Morning, Hello, ABCD"သီချင်းကဗျာများကို စိတ်ကြိုက်ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ A,B,C,Dအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,B,C,D**အက္ခရာများကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အတွင်းအပြင်ကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အတွင်းအပြင်ခွဲခြားကစားခြင်း (မိနစ် ၃၀)**

- အောက်ဖော်ပြပါ အတွင်းအပြင်ကစားနည်းကို ကစားပါစေ။
- ကလေးအားလုံးဝင်ဆံ့နိုင်သော စက်ဝိုင်းကြီးတစ်ခုဆွဲပါ။
- ကလေးများတွင် ဦးဆောင်ကစားမည့် ကလေးတစ်ဦးရွေးချယ်ပါ။
- ဦးဆောင်ကစားသူကို ကျန်ကလေးများက အတွင်းလား၊ အပြင်လားဟုမေးပါစေ။
- ဦးဆောင်ကစားသူကအတွင်းဟုဖြေလျှင် ကလေးများက စက်ဝိုင်းအတွင်းမှာနေရာယူပြီး၊ ဦးဆောင်ကစားသူကစက်ဝိုင်းအပြင်မှနေ၍ အတွင်းလူတစ်ဦးဦးကိုထိရန် ကြိုးစားပါစေ။ အထိခံရသူသည် ဦးဆောင်ကစားသူအဖြစ် ဆက်လက်ပြုလုပ်ပါ။ ဤနည်းအတိုင်း ဆက်လက် ကစားပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကိုလက်တွေ့ပါဝင်လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်။ **။စာသင်ခန်းနှင့်စာသင်ခန်းပတ်ဝန်းကျင်သန့်ရှင်းရေးတွင်လက်တွေ့ပါဝင်လုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ကလေးများအား အသင်း (၅)သင်းအလိုက် စုပေါင်းလုပ်ဆောင်ပါစေ။
- အသင်းတစ်သင်းစီအားစာသင်ခန်းနှင့် စာသင်ခန်းပတ်ဝန်းကျင်တွင် နေရာတစ်ခုစီ သတ်မှတ်ပေးပါ။
- သတ်မှတ်ထားသော နေရာတွင် ကလေးများအားအမှိုက်ကောက်ခြင်း၊ တံမြက်လှည်းခြင်းစသည့်လုပ်ငန်းများကို အသင်းအလိုက် ဆောင်ရွက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စာသင်ခန်းအတွင်းတွေ့မြင်သည့် ပစ္စည်းပုံများရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။နှစ်သက်ရာပစ္စည်းများပုံရေးဆွဲခြင်း(မိနစ် ၃၀)**

- စာသင်ခန်းအတွင်းရှိ နှစ်သက်ရာ ပစ္စည်းများ၏ ပုံကိုရေးဆွဲပါစေ။
- ဆရာက ကလေးများရေးဆွဲပြီးသော ပုံများကို ပြန်လည်သိမ်းထားပါ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။မေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာပြောဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။မနက်၊နေ့လယ်၊ညတို့တွင်လုပ်ခဲ့သောလုပ်ငန်းများကိုဖြေစေခြင်း (၁၅မိနစ်)**

- ဆရာက မိမိ၏တစ်နေ့တာ လုပ်ငန်းများကို ဦးစွာပြောပြပါ။
- ဥပမာ- ဆရာက မနက်စောစော ဆရာလမ်းလျှောက်ထွက်ခဲ့တယ်။
  နေ့လယ်မှာ အအေးသောက်မယ်။
  ညရောက်ရင်တော့ စာကြည့်မယ်။ . . . . . စသည်ဖြင့် ပြောပြပါ။
- ကလေးတစ်ဦးချင်းစီကိုလည်း မိမိတို့ မနက်၊ နေ့လယ်၊ ညတွင် ပြုလုပ်သည့် လုပ်ငန်းများကို မေးမြန်းပါ။ အဖြေကိုပြောပါစေ။
- လိုအပ်သည်များကို ဆရာက ကူညီပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဘယ်သွားမလို့လဲ ဂျာဘောက်"ပုံပြင်ကိုဆရာက ပြောပြခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Good Bye" **ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

Good Bye

(Goodbye Goodbye everybody)
Goodbye Goodbye see you again
Goodbye John, Good bye Sue
(Goodbye)$^2$ bye bye bye

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"E"အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"E"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းနှင့်စာသင်ခန်းအတွင်း အန္တရာယ်ကင်းအောင်လိုက်နာရမည့်အချက်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဖိနပ်ကလေး"ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ကလေးများအား" ဖိနပ်ကလေး" ကဗျာကိုပြန်လည်ရွတ်ဆိုပါစေ။
- ကျောင်းနှင့် စာသင်ခန်းအတွင်း အန္တရာယ်မဖြစ်အောင် နေထိုင်ပြုမူရမည့်အချက်များကို ကလေးများအားရှင်းပြပါ။

**ကျောင်းနှင့်စာသင်ခန်းအတွင်းအန္တရာယ်မဖြစ်အောင်ပြုမူရမည့်အချက်များနှင့်ပတ်သက်၍ လက်မထောင်ကစားခြင်း (မိနစ် ၂၀)**

- မေခွန်းများကိုသေချာနားထောင်ရန်ပြောပါ။
- ပါးစပ်မှ မဖြေဘဲ၊ အန္တရာယ်ကင်းသော အချက်ဖြစ်လျှင် လက်မထောင်ပြရန် မဟုတ်လျှင် လက်မကို အောက်သို့စိုက်ပြရန်ပြောပါ။
- မေးခွန်းများကို မြန်မြန်ဖြေရန်ပြောပါ။
- ဆရာမှ အောက်ပါအချက်များကိုသုံး၍ ကလေးများနှင့် ကစားပါ။
- အခန်းတံခါးများ၊ ပြတင်းပေါက်တံခါးများကို ခိုစီးသည်။
- လှေကားအတက်အဆင်းလမ်းတွင် ကစားသည်။
- ကစားရန် သတ်မှတ်ထားသောနေရာတွင် ကစားသည်။
- လှေကား လက်ရမ်းပေါ်တွင် လျှောတိုက်၍ ကစားသည်။
- လျှပ်စစ်ပလပ်ပေါက်ထဲတွင် လက်နှိုက်ကစားသည်။
- (မိမိကျောင်းအခြေအနေအရ ကျန်အချက်များကို ထပ်ထည့်၍ ကစားနိုင်သည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ရှေ့၊ နောက်ကိုခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ရှေ့နောက်ခွဲခြားခြင်း (မိနစ် ၃၀)**

- ကလေးများအား"ရှေ့၊ နောက် ကစားနည်း"ကိုကစားပါစေ။
- ကလေးများအား မိမိနေရာတွင် မတ်တပ်ရပ်စေပြီးဆရာနှင့်အတူ အောက်ပါအတိုင်း လက်ခုပ်တီး၍ ရွတ်ဆိုပါစေ။
- "ဒင်းဒင်းဒေါင်၊ ဒင်းဒင်းဒေါင် မင်းနောက်မှာ ဘယ်သူလဲ။ ဒင်းဒင်းဒေါင်၊ ဒင်းဒင်း ဒေါင် မင်းရှေ့မှာ ဘယ်သူလဲ။
- ဆရာက သင့်လျော်သောအချိန်တွင် "ရပ်" ဟု အော်၍ ကလေးတစ်ဦးအား ညွှန်ပြလိုက်ပါ။
- ဆရာရွေးချယ်လိုက်သော ကလေးသည်သီချင်း၏ နောက်ဆုံးမေးခွန်းအတိုင်း ရှေ့ (သို့) နောက်တွင် ရှိသော သူငယ်ချင်း၏ အမည်ကိုပြောပါစေ။
- ဆရာက ကလေးများအားတစ်ယောက်ပြီးတစ်ယောက် ညွှန်ပြပြီး ဆက်ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေးဆွဲထားသော ပုံများကို အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **ရေးဆွဲပြီးသောပုံများကို အရောင်ခြယ်ခြင်း (မိနစ် ၃၀)**

- သောကြာနေ့က ရေးဆွဲခဲ့သော စာသင်ခန်းအတွင်း ပစ္စည်းပုံများကို အရောင်ခြယ်ပါစေ။



DRL BOX

**အင်္ဂါနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုမှတ်မိသမျှပြောတတ်ရန်။**

လုပ်ငန်းစဉ်။ ။**"ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကိုကလေးများပြောခြင်း (မိနစ် ၃၀)**

- "ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကိုကလေးများမှတ်မိသလောက်ပြောပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။မေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာဖြေဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။**မနက်၊နေ့လည်၊ညတို့တွင်လုပ်ခဲ့သောလုပ်ငန်းများကိုမေးမြန်း၍ဖြေစေခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော သင်ကြားနည်းအတိုင်းပြုလုပ်ပါ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။"Good Bye" **ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ Eအက္ခရာအမည်ကို ပြောပြတတ်ရန်။**

လုပ်ငန်းစဉ်။ ။ E **အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းနှင့်စာသင်ခန်းအတွင်းအန္တရာယ်ကင်းအောင်ပြုမူနေထိုင်တတ်ရန်။**

လုပ်ငန်းစဉ်(၁) ။ ။ **ကျောင်းအတွင်းလှည့်လည်ကြည့်ရှုခြင်း (မိနစ် ၃၀)**

- ဆရာသည် ကလေးများအား ကျောင်းဝင်းအတွင်း ကလေးများအတွက် အန္တရာယ်ရှိနိုင်သော နေရာများကို လိုက်လံပြသပါ။ (ဥပမာ- ချော်လဲနိုင်သောနေရာများ၊ မသွားရန်တားမြစ်ထားသောနေရာများ၊ တစ်ယောက်နှင့်တစ်ယောက်ဝင်တိုက်နိုင်သောနေရာများ၊ ရေတွင်း/ရေကန်များ/ရေမြောင်းများ၊ ပြိုကျနိုင်သော အဆောက်အအုံအဟောင်း များ စသည်ဖြင့် မိမိကျောင်းအလိုက် အန္တရာယ်ရှိနိုင်သော နေရာများ)
- ဆရာက ကလေးများအားမသွားသင့်သောနေရာများရှိလျှင် သေချာရှင်းပြပါ။
- ထိုနေရာများတွင် ဘယ်လိုအန္တရာယ်ရှိနိုင်ကြောင်း ရှင်းပြပါ။

လုပ်ငန်းစဉ်(၂)။ ။**အန္တရာယ်ကြုံတွေ့ပါကပြန်လည်တုန့်ပြန်ရမည့်အချက်များကိုဆွေးနွေးခြင်း(မိနစ် ၃၀)**

- ကလေးများအား မေးခွန်းများမေး၍ ဆွေးနွေးပါ။
- မိမိကျောင်းအလိုက် အန္တရာယ်ရှိနိုင်သောအခြေအနေများကို ရှင်းပြပါ။
- (ဥပမာ-သူစိမ်းအန္တရာယ်၊ မတော်တဆဖြစ်နိုင်သောအန္တရာယ်၊ . . . )
- ဆရာက အောက်ပါအချက်များကို ကလေးများနှင့် ဆွေးနွေးပါ။
- မိမိနှင့်မသိသောသူစိမ်းတစ်ယောက်ကခေါ်လျှင်လိုက်သင့်သလား။ မလိုက်သင့်ဘူးလား။ (မိမိနှင့်မသိသော သူစိမ်းတစ်ယောက်က ခေါ်လျှင်မလိုက်ရန်နှင့် ထိုသို့ခေါ်ကြောင်း ကျောင်းရှိ ဆရာ/ဆရာမများကိုလာပြောရန် မှာကြားပါ။)
- အိမ်သာထဲတွင် တံခါးပိတ်မိနေပါက မကြောက်ရန်နှင့် အပြင်သို့ အသံကျယ်စွာ အော်၍အကူအညီတောင်းရန်စသည်ဖြင့် အခြားသောကျောင်းအတွင်း ကလေးများ အန္တရာယ်ရှိနိုင်သည့် နေထိုင်နိုင်မည့် အပြုအမူများကို ပြောပြပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းဝင်းပုံကို ပုံဖော်ကပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **ကျောင်းဝင်းပုံဖော်ကပ်ခြင်း(မိနစ် ၃၀)**

- ရှေ့တွင်ကလေးများ ကိုယ်တိုင်ဆွဲထားသောပုံများကို ပြန်သုံး၍ စာရွက်အလွတ်ပေါ်တွင် စိတ်ကူးဖြင့် ပုံဖော်ကပ်ပါစေ။

**ဗုဒ္ဓဟူးနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။ပုံပြင်ကိုမှတ်မိသမျှပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကိုကလေးများက ပြောခြင်း (မိနစ် ၃၀)**

- "ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကို ကလေးများ မှတ်မိသလောက်ပြောပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။မေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာ ဖြေဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။မနေ့က၊ ဒီနေ့၊ မနက်ဖြန် စကားလုံးတို့ကိုသုံးကာ မေးမြန်း၍ဖြေခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော သင်ကြားနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Goodbye" **ကဗျာပါစကားလုံးများသုံး၍နှုတ်ဆက်ပြောဆိုခြင်း (၁၅ မိနစ်)**

- "Goodbye"ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ကလေးများကို အုပ်စု(၂)စုဖွဲ့ပါ။
- "Goodbye"ကဗျာကို အုပ်စု(၂)ဖွဲ့ အပြန်အလှန်အမူရာဖြင့် ရွတ်ဆိုပါ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။"F"အက္ခရာအမည်ကို ပြောပြတတ်ရန်။

**လုပ်ငန်းစဉ်။** ။ **"F"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းတွင် သူငယ်ချင်းများနှင့် စုပေါင်းလုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **စုပေါင်းလုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ဆရာမက ကြိုတင်၍ ရောင်စုံစက္ကူများအား တြိဂံပုံ၊ စတုဂံ၊ စတုရန်းပုံ၊ စသည်ဖြင့် အရွယ်အစား အမျိုးမျိုးဖြတ်ထားပါ။ (အတန်းရှိကလေး ဦးရေကို ကြည့်၍ ပြင်ဆင်ထားပါ။)
- ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့၍ အမည်ပေးပါ။
- အုပ်စုတိုင်းအား A4 စာရွက်နှင့် ဖြတ်ထားသော ရောင်စုံစက္ကူအပိုင်းများကို အညီအမျှ ဝေပေးပါ။
- ကလေးများအား အုပ်စုအလိုက်တိုင်ပင်၍ မိမိ၏ ကျောင်းပုံကို A4 စာရွက်အဖြူ ပေါ်တွင် ပုံဖော်ကပ်ပါစေ။
- ဆရာက ကလေးများကပ်ထားသော ကျောင်းပုံစာရွက်ပေါ်တွင် အုပ်စုအမည်များတပ်၍ အတန်းနံရံတွင် ကပ်ထားပါ။

လုပ်ငန်းစဉ်(၂)။ ။**လက်ဆင့်ကမ်းကစားခြင်း (မိနစ် ၁၀)**

- အထက်တွင် ဖွဲ့ထားသော **အုပ်စုများအတိုင်း** ကစားနိုင်သည်။
- (အုပ်စုတစ်စုချင်းအား **ရေထည့်ထားသော** ဇွန်း(ဟင်းခတ်ဇွန်း)ကို တစ်ဦးနှင့်တစ်ဦး မလုစေဘဲ ဂရုတစိုက်**လက်ဆင့်**ကမ်းပေးရမည်ဖြစ်ကြောင်းရှင်းပြပါ။ နောက်ဆုံး ကလေးအထိ ရေကိုမဖိတ်**အောင်သယ်**ရမည်ဖြစ်ကြောင်းနှင့် အုပ်စုအလိုက်**ညီညွတ်**ရန် လိုကြောင်းရှင်းပြပါ။)
- ပထမဦးစွာ **အုပ်စုတစ်စုအား** တန်းစီ၍ထိုင်ပါစေ။
- ကျန်အုပ်စုများ**အား** မျက်နှာချင်းဆိုင်ထိုင်၍ ကြည့်ပါစေ။
- **တန်းစီထိုင်နေသော**အုပ်စုတွင် ထိပ်ဆုံး ကလေးအား ဟင်းခတ်ဇွန်းထဲတွင် ရေထည့်၍ပေးလိုက်ပါ။
- ရေထည့်ထားသော ဇွန်းကို ထိပ်ဆုံးကလေးမှနေ၍ တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းကာ နောက်ဆုံးကလေးထိရောက်အောင် သယ်ပါစေ။
- ကျန်အုပ်စုများအား ဤနည်းအတိုင်း ဆက်၍ကစားပါစေ။
- ကစားပြီးလျှင် ဆရာကအောက်ပါအချက်များပြောပြ၍ ဆွေးနွေးပါ။
- (အလုပ်တစ်ခုကို သူငယ်ချင်းများနှင့် အုပ်စုဖွဲ့လုပ်ဆောင်ပါက အချင်းချင်းရန်မဖြစ်ကြရန်၊တစ်ယောက်နှင့်တစ်ယောက်မလုကြရန်နှင့်အချင်းချင်းကူညီကြရန်၊ တိုင်ပင်ကြရန်လိုကြောင်းရှင်းပြပါ။)

**အသေးစိတ်သင်ယူမှုရလဒ်။** ။ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"သင့်ကျောင်းထဲမှာပျော်ရွှင်လျှင်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၁၀)**

- သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် "ကဗျာကို ဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူရွတ်ဆိုပါ။
- ကလေးများအားလုံး ရွတ်ဆိုပါစေ။

**"သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင်"**

သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် လက်ခုပ်တီး (လက်ခုပ်တီး)၂
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် လက်ခုပ်တီး (လက်ခုပ်တီး)၂
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် အားရပါးရလက်ခုပ်တီး (လက်ခုပ်တီး)၃
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် လက်ခုပ်တီး။
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် ခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)၂
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် ခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)၂
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် အားရပါးရခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)၃
သင့်ကျောင်းထဲမှာ ပျော်ရွှင်လျှင် ခေါင်းကိုငြိမ့်။
(ခြေကိုဆောင့်)၊ (နှာကိုချေ)၊ (အားလုံးလုပ်)စသည်တို့ အစားထိုး၍ ဆက်ဆိုပါ။

**ကြာသပတေးနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။မေးခွန်းများကိုနားထောင်ပြီးဆီလျော်စွာဖြေဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**မနေ့က၊ဒီနေ့၊မနက်ဖြန်စကားလုံးတို့ကို သုံးကာမေးမြန်း၍ဖြေခြင်း (မိနစ် ၁၀)**

- ယခင်သင်ကြားခဲ့ပြီးသော နည်းအတိုင်း ပြုလုပ်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါစကားလုံးများကို အသုံးပြု၍ အစားထိုးပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဘယ်သွားမလို့လဲဂျာအောက်"(ပုံပြင်)ပါစကားလုံးများကိုအသုံးပြု၍အစားထိုးပြောခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား ဂျာဘောက်အမည်နေရာတွင် မိမိအမည်ကို ထည့်၍ပြောပါစေ။
- မေမေနေရာတွင် ကလေးများနှစ်သက်ရာအမည်ကိုပြောပါစေ။ (ဥပမာ- ဖေဖေ၊ ဘွားဘွား၊ ဘိုးဘိုး၊ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမ . . . )
- ကျောင်း၊ ခြံ၊ တံခါး၀ စသည့်နေရာများတွင် ကလေးများနှစ်သက်ရာ အစားထိုး၍ ပြောပါစေ။
- ကျန်အမည်နေရာများတွင်လည်း မိမိနှစ်သက်ရာကိုအစားထိုး၍ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"Goodbye"ကဗျာပါ စကားလုံးများကို ဆရာဦးဆောင်မှုဖြင့် အသုံးပြုပြောဆိုခြင်း (၁၅ မိနစ်)**

- "Goodbye"ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးတစ်ဦးကို အတန်းရှေ့သို့ လာပါစေ။
- ဆရာက "Goodbye" ကဗျာပါ စကားလုံးသုံး၍ အမည်နေရာတွင် ကလေး၏အမည်ကို အစားထိုး၍ ရွတ်ဆိုပြပါ။
- အတန်းရှေ့သို့ခေါ်ထားသောကလေးကိုလည်း ဆရာ၏အမည်၊ သို့မဟုတ် "teacher"ဟု အစားထိုး၍ ရွတ်ဆိုပါစေ။
- ဆရာနှင့်ကလေး အပြန်အလှန် အမည်များကို အစားထိုး၍ ကဗျာကို ရွတ်ဆိုပါ။
- တစ်ဦးနှင့် တစ်ဦး နှုတ်ဆက်ပြောဆိုလိုသော ကလေး (၂)ဦးအား ဖိတ်ခေါ်ပါ။
- တစ်ဦးနှင့် တစ်ဦး အပြန်အလှန်နှုတ်ဆက်ပြောပါစေ။
- ဆရာက အနားမှ ကူညီပံ့ပိုးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"F"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **Fအက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရှေ့နှင့် နောက်ကိုခွဲခြားသိရှိရန်။

လုပ်ငန်းစဉ်။ ။ **ရှေ့နောက်ခွဲခြားခြင်း (မိနစ် ၂၀)**

- ကလေး ၆ဦးကို ရှေ့၊ နောက်တန်းစီ၍ရပ်ပါ။
- ကျန်သောကလေးများအားဘေးတစ်ဖက်တစ်ချက်စီမှ ကြည့်ရှုပါစေ။
- ရှေ့ဆုံးကလေးအား ဆရာက "ရှေ့မှာဘယ်သူရှိလဲ" ဟုမေးပါ။ ထိုကလေးမှ "ဘယ်သူမှ မရှိ" ဟု ဖြေပါမည်။
- ထိုအခါ "နောက်မှာဘယ်သူရှိလဲ" ဟုမေးပါ။ ဆက်၍ ဆက်၍ နောက်ဆုံးကလေးအထိ "ရှေ့မှာဘယ်သူရှိလဲ" "နောက်မှာဘယ်သူရှိလဲ" ဟုမေးပါ။
- အထက်ပါနည်းအတိုင်း ကျန်ကလေးများအားလုံး ပါ၀င်နိုင်အောင် ဆရာက စီစဉ်ပေးပါ။



DBE BOX

- "တစ်လှမ်းတိုးပါ"ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)
- ကဗျာကို အမူအရာဖြင့် ဆိုပါစေ။

**"တစ်လှမ်းတိုးပါ"**

ရှေ့ကိုတိုးလှမ်းပါ၊ နောက်ကိုဆုတ်လိုက်ပါ။
ကိုယ်တစ်ပတ်လှည့် လက်ဆက်ကူညီပါ။
ရှေ့ကိုတိုးလှမ်းပါ၊ နောက်ကိုဆုတ်လိုက်ပါ။
ပခုံးလေးတွန့်လို့ ကူညီရှိုင်းပင်းပါ။
(ရှာလာ လာ လာ လား)[၂] ကူညီပါ။
(ရှာ့လာ လာ လာ လား)[၂] ဟေ့ကူညီကြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သူငယ်ချင်းများအချင်းချင်းချစ်ခင်စွာနေရမည်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ယုန်ကလေးဖြူဖြူ" ပုံပြင်ပြောခြင်း (မိနစ် ၃၀)**

- 'ယုန်ကလေး ဖြူဖြူ" ပုံပြင်ကို ပြောပါ။

**"ယုန်ကလေးဖြူဖြူ"**

- ဟိုးရှေးရှေးတုန်းက ဖြူဖြူလို့ခေါ်တဲ့ အလွန်ချစ်စရာကောင်းတဲ့ ယုန်ကလေးတစ်ကောင် ရှိသတဲ့။ ဖြူဖြူဟာ ချစ်စရာကောင်းသလောက် အလွန်မာနကြီးသတဲ့ကွယ်။ အိမ်နီးချင်း တွေနဲ့လည်း စကားမပြောဘူးတဲ့။ ဖြူဖြူရဲ့အိမ်ဘေးမှာတော့ ညိုညိုဆိုတဲ့ ရှဉ့်ကလေး ရယ်၊ ဝတုတ်ဆိုတဲ့ ဝက်ဝံကလေးရယ်နဲ့ ဖိုးရှုပ်ဆိုတဲ့ မျောက်ကလေးတို့ နေကြသတဲ့။ ညိုညို၊ ဝတုတ်နဲ့ ဖိုးရှုပ်တို့ဟာ သိပ်ချစ်ကြတဲ့ သူငယ်ချင်း တွေပေါ့။ သူတို့ဟာ ဖြူဖြူ နဲ့လည်း သူငယ်ချင်းဖြစ်ချင်လို့ခေါ်ကြပေမဲ့ ဖြူဖြူက ပြန်မခေါ်ဘူးတဲ့ကွယ်။ ဒီလိုနဲ့ လေတွေတိုက်ပြီး မိုးတွေရွာတဲ့တစ်နေ့မှာတော့ ဖြူဖြူရဲ့ အိမ်ကလေးဟာ ပြိုသွားသတဲ့ ကွယ်။ ဖြူဖြူဟာ သူ့အိမ်ကလေးပြိုသွားတော့ မိုးရေတွေထဲမှာ ဝမ်းနည်းနေတာပေါ့။ သူ့အိမ်ဘေးမှာရှိတဲ့ညိုညို၊ဝတုတ်နဲ့ ဖိုးရှုပ်တို့ကိုလည်း အကူအညီမတောင်းရဲဘူးတဲ့။ ဒါပေမဲ့ မိုးရေထဲမှာ ဖြူဖြူငိုနေတာကို ညိုညိုက မြင်သတဲ့။ အဲဒီအချိန်မှာ ညိုညိုဟာ သူငယ်ချင်းများဖြစ်တဲ့ ဝတုတ်နဲ့ ဖိုးရှုပ်တို့ဆီသွားပြီး "သူငယ်ချင်းတို့ရေ .... ဖြူဖြူ့ အိမ်ကလေး လေတွေတိုက်လို့ ပြိုသွားတယ်။ ငါတို့သွားကူရအောင်"လို့ ပြောတာပေါ့။
- မျောက်ကလေးဖိုးရှုပ်ကလည်း "ဟာဒါဆိုသွားကူညီရမှာပေါ့"ဆိုပြီး ဖြူဖြူ့ဆီကို သွားကြ သတဲ့။ ပြီးတော့သူတို့ သူငယ်ချင်းတွေဟာဖြူဖြူရဲ့ အိမ်ကလေးကို ပြန်ဆောက်ပေးကြ တာပေါ့။ သူငယ်ချင်းအားလုံးဝိုင်းပြီး စုပေါင်းဆောက်လိုက်တော့ ဖြူဖြူ့ အိမ်ကလေး ပြန်ကောင်းသွားတာပေါ့။ နောက်ဆုံးတော့ ဖြူဖြူဟာ သူငယ်ချင်းများကို တောင်းပန်တာ ပေါ့ကွယ် "သူငယ်ချင်းတို့ရယ် ငါမှားပါတယ် နောက်ဆိုငါမင်းတို့နဲ့ ချစ်ချစ်ခင်ခင် အတူ တူနေပါတော့မယ်"လို့ ပြောသတဲ့။ ညိုညိုကလည်း "ရပါတယ်ငါတို့က သူငယ်ချင်း တွေပဲ။ သူငယ်ချင်းဆိုတာ တစ်ဦးနှင့်တစ်ဦး ကူညီရမှာပေါ့ဟာ" ဟုပြောပြီး သူငယ် ချင်းများ အားလုံး ချစ်ချစ်ခင်ခင် နေကြတာပေါ့ကွယ်။
- ဆရာက ပုံပြင်ပြောပြီးလျှင် အောက်ပါမေးခွန်းများ မေးပါ။
- ယုန်ကလေးဖြူဖြူရဲ့ အိမ်အနီးမှာ ဘယ်သူတွေနေကြသလဲ။

DBE BOX

- လေတွေတိုက်တော့ ဖြူဖြူ့အိမ်ကလေး ဘာဖြစ်သွားသလဲ။
- ဖြူဖြူ့အိမ်ကလေးပြိုသွားတော့ ဘယ်သူတွေက ကူညီသလဲ။
- သူငယ်ချင်းတွေက ဖြူဖြူ့အိမ်ကို ပြန်ဆောက်ပေးတော့ ဖြူဖြူဘယ်လိုခံစားရသလဲ။ (သူငယ်ချင်းများအချင်းချင်း ချစ်ခင်စွာနေရမည့်အကြောင်းနှင့် အချင်းချင်း အကူအညီပေးရမည်ဖြစ်ကြောင်းကို ပေါ်လွင်အောင် ရှင်းပြပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"သူငယ်ချင်း"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

(ကလေးများ မသိပါက ဆရာမှ နာနတ်သီးပုံနှင့်ဒူးရင်းသီးပုံများကို ကလေးများသိအောင် ရှာဖွေပြသပေးရန်)

- "သူငယ်ချင်း"ကဗျာကို ဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ။
- ဆရာနှင့် ကလေးများအတူ ရွတ်ဆိုပါ။
- ကလေးအားလုံးရွတ်ဆိုပါစေ။

**"သူငယ်ချင်း"**

နာနတ်သီးနဲ့ ဒူးရင်းဟာ
သူငယ်ချင်းတွေပါ၊
တစ်နေ့မှာရန်ဖြစ်ကြ
ဒူးရင်းသီးက ဆူးနဲ့ချ၊
နာနတ်သီးရဲ့မျက်နှာဝယ်
ဆူးချက်ရာတွေကြွယ်၊
သူတို့နှယ်ရန်မဖြစ်နဲ့
သင့်အောင်ပေါင်းကြကွဲ့။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါစကားလုံးများကို အသုံးပြု၍ အစားထိုးပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဘယ်သွားမလို့လဲ ဂျာဘောက်"**(ပုံပြင်)ပါ**စကားလုံးများကိုအသုံးပြု၍အစားထိုးပြောခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော သင်ပြနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကိုအမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတက်ရန်။

လုပ်ငန်းစဉ်။ ။**"ရွှေမောင်းသံ"ကဗျာကိုအသံနေအသံထားမှန်မှန် ဟန်အမူအရာဖြင့် ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော သင်ပြနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Goodbye"**ကဗျာပါစကားလုံးများသုံး၍အချင်းချင်းနှုတ်ဆက်ပြောဆိုခြင်း(၁၅မိနစ်)**

- "Goodbye"ကဗျာကို ဆရာနှင့်ကလေးများ အတူတူ အမူအရာဖြင့် ရွတ်ဆိုပါ။
- ဆရာနှင့်ကလေးတစ်ဦးမိမိတို့၏ အမည်များကို အသုံးပြု၍အမူအရာဖြင့် အပြန်အလှန် ရွတ်ဆိုပါ။

DBE BOX

- ကလေးများအား နှစ်ယောက်တစ်တွဲစီတွဲပါ။
- အထက်ပါနည်းအတိုင်း"Goodbye"ကဗျာကိုတစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမူအရာဖြင့် ရွတ်ဆို၍ နှုတ်ဆက်ပါစေ။
- လိုအပ်ပါက ဆရာက ကူညီပံ့ပိုးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "A"မှ"F"ထိ အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **AမှFထိ အက္ခရာကတ်ပြားများဖြင့် ကစားခြင်း (၁၅ မိနစ်)**

- ကလေးများအား အုပ်စု(၂)စုခွဲပါ။
- "A" မှ "F"ထိ အက္ခရာကတ်ပြား(၂)စုံကို အတန်းရှေ့တွင် ရောပြီးစုပုံထားပါ။
- အုပ်စု(၂)ခုမှ ကလေး(၁)ဦးစီ ထွက်လာပါစေ။
- ဆရာက အက္ခရာတစ်လုံး၏ အမည်ကို ကျပန်းခေါ်ပါ။
- ဆရာခေါ်သော အက္ခရာကို ကလေးများက အပြိုင်ရွေးပါစေ။
- အရင်ဆုံးရွေးနိုင်သောအဖွဲ့ကို (၁)မှတ်ပေးပါ။
- ကလေးများအားလုံး ပါဝင်အောင် လုပ်ဆောင်ပေးပါ။
- ကစားပွဲပြီးလျှင် အမှတ်များကို ပေါင်းပါ။
- အနိုင်ရသော အဖွဲ့ကို အားပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အများနှင့်စုပေါင်းလုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ် ။ **။ဘောလုံးလက်ဆင့်ကမ်းပေးကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- ကစားရန်အတွက် ဆရာက ဘောလုံးအလတ်ဆိုက်တစ်လုံးကို ပြင်ဆင်ထားပါ။ ကလေးများကို အုပ်စုခွဲပေးပါ။ ဆရာမှ ကလေးများ ကစားရာတွင် ဘောလုံးကိုပြုတ်မကျအောင် လက်ဆင့်ကမ်းရန် ကြိုတင်မှာပါ။
- ကလေးများကို တန်းစီခိုင်းပါ။ ရှေ့လူ၊ နောက်လူ တည့်အောင်စီပါ။
- ထိပ်ဆုံးကလေးကို ဘောလုံးတစ်လုံးပေးပါ။
- ထိုဘောလုံးကိုဘေးမှနေ၍ တစ်ဆင့်ပြီးတစ်ဆင့်နောက်ဆုံးကလေး အထိရောက်အောင် မြန်မြန်ပေးရန် ကလေးများကိုပြောပါ။
- နောက်ဆုံးကလေးထံ ဘောလုံးရောက်သွားသောအခါ ခေါင်းပေါ်က ကျော်ပြီး ဘောလုံးကို ရှေ့ဆုံးကလေးထံရောက်သည်အထိ ဆင့်ကဲဆင့်ကဲပေးခိုင်းပါ။
- တစ်ကြိမ်ထက်တစ်ကြိမ် ပိုမြန်မြန် ဘောလုံးပေးနိုင်အောင် ကစားခိုင်းပါ။
- ဆရာက ကစားပွဲပြီးပါက စုပေါင်းကစားခြင်းသည် ပျော်ရွှင်စရာကောင်းခြင်းနှင့် အုပ်စုများ စုပေါင်းလုပ်ဆောင်ရာတွင် အချင်းချင်းညီညွတ်ပါက အောင်မြင်မှုရနိုင်ကြောင်း ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။လက်ဝဲ၊ လက်ယာကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **လက်ဝဲ၊ လက်ယာ ခွဲခြားခြင်း (မိနစ် ၃၀)**

- အခန်းတွင်းကလေးများကို အုပ်စု(၂)စုခွဲပါ။
- အဖွဲ့လိုက်ကလေးများ တစ်ယောက်ခါးကိုတစ်ယောက်ကိုင်၍ တန်းစီရပ်ပါစေ။
- ကလေးများ လက်မမြှောက်မီ ဆရာညွှန်ကြားချက်ကို သေချာစွာနားထောင်ရန် ကြိုတင် ပြောထားပါ။



DBE BOX

- ကလေးများအား ညာလက်ကို သိမသိမေးမြန်းခိုင်းပါ။
- ဆရာက ကလေးများရှေ့တွင် ကျောပေးရပ်ပြီး ညာလက်ကိုမြှောက်ပြပါ။
- ညာလက်ကို လက်ယာလက်ဟုလည်း ခေါ်ကြောင်းရှင်းပြပါ။
- ဆရာနှင့်ကလေးတစ်ဦး မျက်နှာချင်းဆိုင်ရပ်၍ ညာလက်ဖြင့် လက်ဆွဲနှုတ်ဆက်ပါ။ လက်ဆွဲနှုတ်ဆက်သည့် ညာလက်သည် လက်ယာလက်ဖြစ်ကြောင်း ရှင်းပြပါ။
- အုပ်စုနှစ်ခုကို မျက်နှာချင်းဆိုင်ရပ်စေ၍ အချင်းချင်းညာလက်ဖြင့် လက်ဆွဲနှုတ်ဆက်ပါစေ။ ကလေးများလက်ဆွဲနှုတ်ဆက်သည့် ညာလက်သည်လက်ယာလက်ဖြစ်ကြောင်း ဆရာက ထပ်မံပြောပြပါ။
- ပြီးလျှင်လက်ဆွဲနှုတ်ဆက်သည့်အခါတွင်အသုံးမပြုသောကျန်လက်တစ်ဖက်သည်လက်ဝဲလက်ဖြစ်ကြောင်း ဆရာကရှင်းပြပါ။
- ဘယ်လက်ကို လက်ဝဲလက်ဟုလည်း ခေါ်ကြောင်းရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဘယ်လက်၊ ညာလက်ပုံရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ဘယ်လက်၊ ညာလက်ပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးတစ်ဦးချင်းစီအား A4 စာအုပ်တစ်ရွက်စီဝေပေးပါ။
- စာရွက်ကို အလယ်မှ ခေါက်၍အရာပေးပါစေ။
- စာရွက်အလယ်ခေါက်ရိုးတစ်ဖက်တွင် ကလေး၏ ဘယ်လက်ကိုတင်၍ ညာလက်ဖြင့်ကောက်ကြောင်းရေးဆွဲပါစေ။
- ထိုနည်းတူကျန်တစ်ဖက်တွင် ကလေး၏ ညာလက်ကိုတင်၍ ဘယ်လက်ဖြင့် ဆွဲတတ်သလိုကောက်ကြောင်း ရေးဆွဲပါစေ။
- ကလေးများ၏ ဘယ်လက်၊ ညာလက်ပုံဆွဲထားသောစာရွက်များကို အတန်းနံရံတွင် ကပ်ထားပေးပါ။

DBEBox